# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# [ ၁၂-၆-၂၀၁၄ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **မြန်မာနိုင်ငံတွင် အရက်သေစာသောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်နှင့် အလွန်အကျွံ သောက်သုံးခြင်းနှင့် စပ်လျဉ်းသည့် ပညာပေးတားဆီး လှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မော်တော်ယာဉ်နှင့် စက်ယန္တရားများကို ချင်းပြည်နယ်အပါအဝင် နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ ဗန်းမော်-မိုးမောက်လမ်းပိုင်း (၆)မိုင်အား အဆင့်တိုးမြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်း စရိတ်ငွေ ချပေးခြင်း၊ မိုးမောက် - လွယ်ဂျယ်လမ်းပိုင်း မိုးမောက်မှ ကျောက်စခန်းကျေးရွာထိ (၃)မိုင်အား ကတ္တရာလမ်းခင်းခြင်း၊ ကျောက်စခန်းကျေးရွာမှ လွယ်ဂျယ်မြို့နယ်ခွဲအထိ တောင်တက်တောင်ဆင်း လမ်းအကွေ့များတွင် ကတ္တရာလမ်းအဖြစ် တိုးချဲ့မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ဝေးလံခက်ခဲသော ဒေသရှိ ပညာရေးဝန်ထမ်းများ၏ နွေရာသီအပြန်ခရီးစရိတ်အဖြစ် ထုတ်ပေးခဲ့သောငွေအား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားခဲ့ခြင်း ရှိ/မရှိကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **လောင်းလုံမြို့နယ်အတွင်းရှိ အ.မ.က ပညစ်နှင့် အ.မ.က ငပိတက်ငယ် တို့အား ယခုလာမည့် ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန် ကျောင်းများအဖြစ် တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **အထက်တန်းကျောင်းများသို့ ခွင့်ပြုပေးသော အသုံးစရိတ် သုံးစွဲရေး ညွှန်ကြားချက် ရှိ/မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်တွေ တက္ကသိုလ်ဟောင်း ယခင် Government High School အား အခြေခံပညာ ဦးစီးဌာန၊ မူလပိုင်ရှင် အ.ထ.က(၁)သို့ ပြန်လည် လွှဲပြောင်းပေးအပ်ရန်** အစီအစဉ်ရှိ/မရှိနှင့် **လွှဲပြောင်းပေးအပ်မည်ဆိုပါက ယခု အမှတ်(၁)အ.ထ.က အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်သွားရန်** အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဇော်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပေါင်မြို့နယ်၊ ထန်းပင် ချောင်ကြီးကျေးရွာ၊ ရွာလေး(၁) အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ် ပေးရန်** အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဗိုလ်မှူးစိုးမိုး၊ တပ်မတော်သားကိုယ်စားလှယ်

၇။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ၏ **အလုပ်ရှင်နှင့် အလုပ်သမားပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်

(ခ) ဗိုလ်မှူးအောင်မြင့်ဟန်၊ တပ်မတော်သားကိုယ်စားလှယ်

(ဂ) ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

(ဃ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။